# အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ငန်းခွင် ဆက်ဆံရေး ကောင်းမွန်စေရန် ပံ့ပိုးပေးခြင်း- အဖွဲ့ဝင်များအားဝန်ဆောင်မှုများဆောင်ရွက်ပေးရန်အတွက် မြန်မာနိုင်ငံရှိ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်း

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အထည်ချုပ်လုပ်ငန်းစီမံကိန်း (ILO-GIP)သည်  သင်တန်းပေးသူများ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးကိုအတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံထုတ်ကုန်နှင့်စက်မှုလက်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM)၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS) တို့နှင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ပါ သည်။

ILO-GIP ၏ အလုပ်သမားအဖွဲ့အစည်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံချက်၏ အဓိကရည်ရွယ်ချက်မှာ အလုပ်သမားသမဂ္ဂများအဖွဲ့အစည်းများရှိ ကွင်းဆင်းသင်တန်းပေးသူများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး၊ အားကောင်းကာ ကျွမ်းကျင်မှုပြည့်စုံသည့် အလုပ်သမားအဖွဲ့အစည်း လှုပ်ရှားမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဖြစ်ပါသည်။ ကွင်းဆင်းသင်တန်းပေးသူများသည် အခြေခံအလုပ်သမားအဖွဲ့အစည်းများ(BLOs) သို့မဟုတ် စက်ရုံအဆင့် အလုပ်သမား သမဂ္ဂများကို အထောက်အပံ့ပေးရန် အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှခန့်အပ်ထားသူများဖြစ်သည်။ မြန်မာနိုင်ငံထုတ်ကုန်နှင့် စက်မှုလက်မှု အလုပ်သမားများအဖွဲ့ချုပ်(IWFM) နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS) မှ ကွင်းဆင်းသင်တန်းပေးသူ ၁၀ဦးကို ရှေးဦးစွမ်းရည်မြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်ရန်ရွေးချယ်ခဲ့သည်။

ILO-GIP အလုပ်သမား သမဂ္ဂများအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံချက်ကို ကဏ္ဍ ၃ ခုဖြင့်တည်ဆောက်ထားသည်။ ယင်းကဏ္ဍများမှာ- နှစ်ရက်ကြာ ဆရာဖြစ်သင်တန်း ၈ ခု၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အခြေခံ အလုပ်သမား အဖွဲ့အစည်းများ (BLOs) သို့သွားရောက်ခြင်း၊ သင်ထောက်ကူအဖြစ်အသုံးပြုနိုင်ရန် ပညာပေးဗွီဒီရိုများကို အင်္ဂလိပ်ဘာသာဖြင့် ၆ ခု၊ မြန်မာဘာသာဖြင့် ၈ ခုရိုက်ကူးခြင်းတို့ဖြစ်သည်။†

စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံချက်သည် အောက်ဖော်ပြပါ ခေါင်းစဉ် ၅ ခုကို အဓိကသင်ကြားမည်ဖြစ်သည်။

- အလုပ်သမား သမဂ္ဂများအဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲခြင်း
- အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာစံချိန်စံညွှန်းများ
- မြန်မာနိုင်ငံအလုပ်သမားဥပဒေများ
- စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ
- သင်တန်းပေးရာတွင် လိုအပ်သော ကျွမ်းကျင်မှုများ

အလုပ်သမား သမဂ္ဂများအဖွဲ့အစည်းများမှ ကွင်းဆင်းသင်တန်းပေးသူများသည် တစ်လလျှင် နှစ်ရက်နှုန်းဖြင့် ၁၈ လကြာအောင် သင်တန်းတက်ရောက်ခဲ့သည်။

လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းအတွက် သင်တန်းချိန် ၁၈ ချိန်ကြာမြင့်ခဲ့ပြီး အခြေခံ အလုပ်သမားအဖွဲ့အစည်းများမှ အလုပ်အမှုဆောင် ၄၅၀ ဦးကို ပြန်လည်သင်ကြားပေးပြီး ဖြစ်ပါသည်။ ထိုသင်တန်းများကိုအများအားဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင်  ပြုလုပ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုလေ့လာမှုတွင် အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းဆရာများနှင့် ညှိနှိုင်းရေးမှူးများစုစုပေါင်း ၇ ဦးပါဝင်ခဲ့သည်။

† အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် သင်ထောက်ကူဗီဒီယိုများကို ILO-GIP ဝက်ဆိုက်တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။





## ရရှိလာသောအတွေးအမြင်များ

အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းပေးသူများ၏ပြောကြားချက်များအရ ILO-GIP စွမ်းရည်မြှင့်တင်ရေးစီမံချက်တွင်ပါဝင်သော ခေါင်းစဉ်များအနက်မှ သင်ကြားရေးနည်းစနစ်များကို သင်တန်းသားများက ပိုမိုသဘောကျကြကြောင်းသိရှိရသည်။ သင်တန်းသားများသည် သင်ကြားရေးနည်းစနစ်များများကို လေ့လာခြင်းသည် ၎င်းတို့၏ ဗဟုသုတများနှင့် အတွေ့အကြုံများကို စက်ရုံအဆင့်အလုပ်သမားသမဂ္ဂများနှင့် စက်ရုံအလုပ်သမားများအား ပြန်လည်ဝေမျှပေးရာတွင် အသုံးဝင်ကြောင်းပြောကြားခဲ့ပါသည်။ သင်တန်းသားများသည် အောက်ပါခေါင်းစဉ်များကိုသင်ကြားခဲ့ရသည်။

- သင်တန်းအစီအစဉ်နှင့် သင်ရိုးညွှန်းတမ်းရေးဆွဲနည်းများ
- သင်ကြားမှုနည်းစနစ်သစ်များ
- သင်တန်း၏ ရည်ရွယ်ချက်ကိုသေချာစွာချမှတ်ခြင်းနှင့် သင်တန်းသားများအားထိုရည်ရွယ်ချက်အပေါ်တွင်သာအာရုံစူးစိုက်စေခြင်းကဲ့သို့သော သင်ကြားမှုအလေ့အကျင့်ကောင်းများ
- စာဖြင့်သင်ကြားမည့်အစားသင်ထောက်ကူပစ္စည်းများအသုံးပြုပြီး သင်တန်းသားများကိုယ်တိုင်ပါဝင်သင်ယူရသည့် နည်းလမ်းများ
- အနာဂတ်သင်တန်းများပိုမိုကောင်းမွန်စေရန် အလုပ်သမားများထံမှ အကြံဉာဏ် (feedback) များတောင်းခံခြင်း

သင်တန်းပေးသူများက ကျွမ်းကျင်မှု အသစ်များနှင့် နည်းစနစ်သစ်များကိုလက်တွေ့တွင် အသုံးချခြင်းဖြင့် ပိုမိုစိတ်ဝင်စားစရာကောင်းပြီး နားလည်လွယ်သော သင်တန်းများကိုပို့ချပေးနိုင်ကြောင်းရှင်းပြခဲ့သည်။ ပိုမိုကောင်းမွန်သော လေ့ကျင့်မှုများရရှိခဲ့သဖြင့် အခြေခံအလုပ်သမား အဖွဲ့အစည်း (BLO)မှ အဖွဲ့ဝင်များနှင့် အလုပ်သမားများအတွက် ပိုအကျိုးရှိသည်ဟု သင်တန်းပေးသူများကယုံကြည်ကြသည်။

"အရင်ကဆိုရင် သင်ထောက်ကူပစ္စည်းသုံးရမယ်ဆိုတာမသိဘူး။ ခုကျတော့ ရောင်စုံမှတ်စုစာရွက်လေးတွေ၊ ရုပ်ပုံကားချပ်လေးတွေကိုအသုံးပြုပြီးစိတ်ဝင်စားဖွယ်ဖြစ်အောင် ပေးတတ်လာတယ်။ handout တွေလည်းထုတ်ပေးတတ်လာတယ်။ အိမ်ပြန်ရောက်ရင် handout လေးတွေကို ပြန်ကြည့်လို့ရတော့ သင်ပေးလိုက်တာတွေကိုပိုမှတ်မိတာပေါ့။"

အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းပေးသူများသည် သင်ကြားမှုနည်းစနစ်များကို လေ့လာခြင်းအပြင် မြန်မာနိုင်ငံအလုပ်သမားဥပဒေဆိုင်ရာခေါင်းစဉ်များနှင့် အလုပ်သမားအခွင့်အရေးများကိုပါ ပိုမိုနားလည်သိရှိခွင့် ရရှိခဲ့သည်။



## ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ ပြောင်းလဲလာခြင်း



### တုန့်ပြန်ချက်များအပေါ်အခြေခံသော စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှု

အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းပေးသူများ၏ပြောကြားချက်များအရ သင်တန်းပြီးဆုံးချိန်တွင် အလုပ်သမားများထံမှ တုန့်ပြန်ချက်(feedback) များ ပြန်တောင်းခြင်းကြောင့် သင်တန်းအတွက်သာမက စက်ရုံအတွင်းမှာပါ တိုးတက်ကောင်းမွန်လာအောင်လုပ်နိုင်သော အကြံဉာဏ်များစွာရရှိခဲ့သည်။ အလုပ်သမားများသည် အနာဂတ်အတွက် အင်အားဖြစ်စေရန် ၎င်းတို့၏ အကြံပြုချက်များအား သေချာစွာနားထောင်ပြီး အရေးယူဆောင်ရွက်ရန်မျှော်လင့်ကြသည်။

"အရင်ကဆိုသင်တန်းရှိရင် ပေးစရာရှိတာကိုပဲတန်းပေးလိုက်တာ။ Feedback တွေဘာတွေပြန်မတောင်းဖြစ်ဘူး။ ခုကျတော့ Feedback တွေပြန်တောင်းဖြစ်လာတယ်။ သင်တန်းပေးရုံနဲ့ပြီးသွားတာမဟုတ်ဘူး အလုပ်သမားတွေလိုအပ်တာနဲ့ကိုက်ညီအောင် သင်ကြားမှုကိုပြုပြင်လို့ရတယ်ဆိုတာသိလာတယ်။"

### လေ့ကျင့်မှုကြောင့်ပိုကောင်းသော ရလဒ်များရရှိလာခြင်း

ILO-GIP စွမ်းရည်မြှင့်တင်ခြင်းစီမံချက်တွင် ကွင်းဆင်းလေ့လာခြင်းသည် အစကတည်းကပင် ပါဝင်ခဲ့သည်။ ကွင်းဆင်းလေ့လာခြင်းကြောင့် အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းပေးသူများသည် ဗဟုသုတနှင့်နည်းပညာအသစ်များလေ့လာနိုင်ရုံသာမက စက်ရုံများ သို့မဟုတ် စက်မှုဇုန်များတွင် ဆင့်ပွားပို့ချခြင်းကို လက်တွေ့လုပ်ဆောင်နိုင်သည်။ ထို့အပြင် သင်တန်းပို့ချခြင်းများ တိုးတက်လာသည်နှင့်သမျှ သင်ကြားမှုများကိုလည်း အထည်ချုပ်စက်ရုံအလုပ်အမားများ၏ စိတ်ဝင်စားမှုများ၊လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ပိုမိုဆောင်ရွက်လာနိုင်သည်။ ထိုကဲ့သို့ပြင်ဆင်ခြင်းသည် သင်တန်းသားများနှင့် ချိတ်ဆက်မှုကောင်းကောင်းရစေပြီး ရလဒ်ကောင်းရစေရန် အထောက်အကူပြုပါသည်။

"အရင်ကဆိုသင်တန်းရှိရင် ပေးစရာရှိတာကိုပဲတန်းပေးလိုက်တာ။ ဘာကြောင့် ဆိုတဲ့ ရည်ရွယ်ချက်ကိုသင်တန်းသားတွေကိုမရှင်းပြဖြစ်ဘူး။ ခုကျတော့ သင်တန်းရည်ရွယ်ချက်ကိုပြောပြဖို့ အရေးကြီးတယ်ဆိုတာသိလာတယ်။ ဒါမှသာလျှင် သင်တန်းသားတွေရဲ့ လိုအပ်ချက်နဲ့ အပြန်အလှန် ဆက်သွယ်လို့ရမှာ။ သင်တန်းဆရာပေးချင်တာကတခြား၊ သင်တန်းသားရချင်တာကတခြားဆိုရင် အဆင်မပြေဘူး။ ရည်ရွယ်ချက်ချင်းတူမှသာလျှင် ခရီးရောက်မှာဖြစ်တယ်။"

အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ သင်တန်းပေးသူများမှလည်း အထည်ချုပ်စက်ရုံအလုပ်သမားများအား သင်တန်းပို့ချခြင်းဖြင့် ၎င်းတို့၏ လူအများကြားစကားပြောခြင်းစွမ်းရည်ကို မြှင့်တင်နိုင်သဖြင့်ကျေနပ်ကြောင်းပြောကြားခဲ့သည်။

## ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ ပိုမိုပြောင်းလဲလာခြင်း

### အလုပ်သမားမှ ဦးဆောင်ခြင်း

ကွင်းဆင်းမှုအပြီးတွင် သင်တန်းတက်ခဲ့သော အထည်ချုပ်စက်ရုံအလုပ်သမားအချို့မှ ဦးဆောင်ပြီး ၎င်းတို့၏စက်ရုံများတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းအသစ်များကို တည်ထောင်ခဲ့ကြောင်း အလုပ်သမားသမဂ္ဂမှ သင်တန်းပေးသူများမှတဆင့်သိရှိရသည်။ ညှိနှိုင်းရေးနည်းစနစ်များကို သင်ကြားပြီးနောက် အချို့အထည်ချုပ်စက်ရုံအလုပ်သမားများသည် စုပေါင်းဆွေးနွေးအရေးဆိုခြင်းများတွင် အောင်မြင်စွာလုပ်ဆောင်နိုင်ကြောင်းလည်းသိရှိခဲ့ရသည်။

အထက်ဖော်ပြပါအကြောင်းအရာများသည် မြန်မာနိုင်ငံတွင် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းမှုကို ခိုင်မာစေရန်အတွက် ဆင့်ပွားသင်တန်းများပေးခြင်းနှင့် စက်ရုံအလုပ်ရုံများသို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံခြင်း၏ ရေရှည် ရလဒ်ကောင်းများဖြစ်သည်။



### အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများနှင့် စက်ရုံစီမံအုပ်ချုပ်ရေးကြား ယုံကြည်မှုတည်ဆောက်ခြင်း

အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်များနှင့် စက်ရုံစီမံအုပ်ချုပ်ရေးကြား ယုံကြည်မှုတိုးတက်လာခြင်းကို ဖော်ပြရမည်ဆိုလျှင် သင်တန်းများပို့ချရန် အထည်ချုပ်စက်ရုံများနှင့် အချိန်ညှိနှိုင်းရာတွင် ပိုမိုလွယ်လာသည်ကို တွေ့ရှိရကြောင်း ပါဝင်ဆွေးနွေးသူ အချို့မှ ပြောကြားခဲ့သည်။

ယခင်ကဆိုလျှင် သင်တန်းပြုလုပ်ရန်အတွက် စက်ရုံများအား သမဂ္ဂဘက်မှ တောင်းဆိုခဲ့ရသည်။ ယခုအခါ သင်တန်း၏ အကျိုးကျေးဇူးများကို သိသာစွာ မြင်တွေ့ရသည့်အခါတွင် စက်ရုံများမှ သမဂ္ဂအား အလားတူသင်တန်းများပေးရန် တောင်းဆိုလာကြသည်။

အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများဆီမှ သင်တန်းပြီးနောက် အလုပ်ရှင်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပိုမိုအဆင်ပြေချောမွေ့လာကြောင်း သတင်းစကားများ ကြားသိရသည်။ ဆင့်ပွားသင်တန်းဆရာများအနေဖြင့် ၎င်းတို့၏ သင်တန်းသားများတွင် စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းများလည်း ရှိကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် ၎င်းတို့၏ အကြံပြုချက်များကို သင်တန်းဆရာများက ယုံယုံကြည်ကြည် လိုလိုလားလားနှင့် နားထောင်ပေးမည်ဟု မျှော်လင့်သည်။

### သမဂ္ဂအတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း

အလုပ်သမားသမဂ္ဂ စွမ်းဆောင်ရည်တည်ဆောက်ခြင်းစီမံကိန်းတွင် သမဂ္ဂအဖွဲ့အစည်းနှစ်ခုမှ သင်တန်းပေးသူများကို အတူတကွ ပူးပေါင်းပါဝင်ရသည့်အခါ မိမိတို့၏ ရင်းနှီးမှုများတိုးလာသည်။ အသက်မွေးဝမ်းကျောင်းနှင့် လူမှုကွန်ယက်ကျယ်ပြန့်ရန် အတွေ့အကြုံများ ရခဲ့ပြီး အချင်းချင်းလေးစားမှုများ တိုးလာသည်။ ထိုသို့ သမဂ္ဂများ အချင်းချင်း ပူးပေါင်းလုပ်ဆောင်ခြင်းများမှာ ILO-GIPစီမံကိန်း၏ သမဂ္ဂများ စွမ်းရည်တည်ဆောက်ခြင်း သင်တန်းမတိုင်မီအချိန်က ကန့်သတ်ချက်များရှိနေခဲ့သည်။

## စီမံကိန်း၏ အားသာချက်များ

- ILO-GIP သင်တန်းများတွင် အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များကို သေချာစွာ စီစဉ်ထားရှိသည့်အတွက် သင်တန်းသားများ၏ စိတ်ပါဝင်စားမှုကို တစ်နေ့တာလုံး ဆွဲဆောင်ထားနိုင်သည်။
- ILO-GIP စီမံကိန်းမှ သင်ကြားပေးသော ခေါင်းစဉ်များအနက် ပါဝင်သူများအနေဖြင့် သင်ကြားမှုနည်းစနစ်နှင့် အလုပ်သမားဥပဒေတို့ကို စိတ်အဝင်စားဆုံးဖြစ်သည်။
- သင်တန်းများပေးရာတွင် အခြားသော သမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အခါ မိမိတို့၏ လူမှုကွန်ယက်ကျယ်ပြန့်လာပြီး အချင်းချင်းလေးစားမှုများ၊ ရင်းနှီးမှုများ တိုးလာသည်။
- ပါဝင်ဆွေးနွေးသူများအနေဖြင့် လက်တွေ့တွင် စက်ရုံများအထိ သွားရောက်ပြီး သင်တန်းပေးရသည့်အခါတွင် အထည်ချုပ်စက်ရုံများရှိ အလုပ်သမားများ၏ အခြေအနေနှင့် ၎င်းတို့အနေဖြင့် အလုပ်သမား ဥပဒေဆိုင်ရာ ခေါင်းစဉ်များအပေါ် မည်မျှထိ နားလည်သည်ကို လေ့လာသိရှိခွင့်ရခဲ့သည်။

> "ကျွန်တော်တို့ကိုယ်တိုင် သင်ကြားတာ ပို့ချတာ ပိုပြီး စနစ်ကျလာတယ်။ နောက်တစ်ခုက အထည်ချုပ်အလုပ်သမားတွေဆီ သင်တန်းတွေပိုပေးနိုင်ဖို့ စီစဉ်တာ၊ ညှိနှိုင်းဆောင်ရွက်တာတွေလည်း ပိုပြီးတိုးတက်လာတယ်။"

## စီမံကိန်း၏ ပြုပြင်ရန်လိုအပ်သော အချက်များ

- အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှသင်တန်းပေးသူများအနေဖြင့် အလုပ်သမားများကို ဆင့်ပွါးသင်တန်းများပေးသည့်အခါတွင် အချို့သော တက်ရောက်လာသူများမှာ သင်တန်းအကြောင်းအရာများနှင့်ပတ်သက်ပြီး ဗဟုသုတကြွယ်ဂကြသည်ဖြစ်ရာ သိလိုမေးမြန်းလိုစိတ်များလည်း ထက်သန်ကြသည်ကိုတွေ့ရသည်။ ဤသည်မှာ ရလဒ်ကောင်းတစ်ခုဖြစ်သော်လည်း သင်တန်းဆရာများအနေဖြင့် သင်တန်းအား အချိန်အကန့်အသတ်နှင့်သာ ရရှိထားသည်ဖြစ်ရာ သင်တန်းသားများမေးသော မေးခွန်းအားလုံး ဖြေကြားနိုင်ရန်အတွက် လုံလောက်မှု မရှိပါ။  ဤပြဿနာအား သင်တန်းအချိန်တစ်ချိန်ပြီးနောက် မေးခွန်းနှင့်အဖြေများအတွက် အချိန်ထပ်ပေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။
- အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများသည် အထည်ချုပ်စက်ရုံအလုပ်သမားများအား သင်တန်းပေးရာတွင် သင်တန်းသားတစ်ဦးတည်းသည် သင်တန်းအချိန်တိုင်းကို တက်ရောက်ရန် အရေးကြီးပါသည်။ သို့မှသာ ပြီးခဲ့သောသင်တန်းချိန်က ၎င်းတို့၏ ဗဟုသုတများကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အချို့သော ခေါင်းစဉ်များမှာ အဆင့်လိုက် သင်ကြားပေးခြင်းဖြစ်သဖြင့် အခြေခံသဘောတရားသင်တန်းကို မတက်ရောက်ရသူအဖို့ နောက်တဆင့်သင်တန်းတွင် လေ့လာသင်ယူရန် အခက်အခဲရှိသည်။ သို့သော်လည်း စက်ရုံစီမံခန့်ခွဲရေးအနေဖြင့် ခေါင်းစဉ်တစ်ခုချင်းစီအတွက် တူညီသော စက်ရုံအလုပ်သမားများကို လွှတ်ပေးရန်မှာ စက်ရုံများ၏ ထုတ်လုပ်ရေး အတွက်အခက်အခဲရှိသည်။ စက်ရုံများမှ သင်တန်းတက်ရောက်အလုပ်သမားများကို ပြောင်းလဲစေလွှတ်ခြင်းသည် သင်တန်းအကျိုးအပေါ် သက်ရောက်မှုရှိပေသည်။

> "သင်တန်းတွေ စီစဉ်တဲ့နေရာမှာ communicationက နောက်ဆုံး မိနစ်အထိ အပြောင်းအလဲရှိနိုင်သေးတယ်။ ဒါကြောင့် ကိုယ့်ဘက်ကနေ မကြာခဏ သတိပေးရမယ့်ကိစ္စတွေရှိတယ်၊ အတည်ပြုချက်ယူရမှာတွေရှိတယ်ဆိုတာမျိုးတွေ သိလာတယ်။ ဒါမှသာ တကယ့်သင်တန်းကျရင် စက်ရုံရဲ့ လိုအပ်ချက်နဲ့လည်း ကိုက်ညီပြီး အဆင်ပြေမှာ ဖြစ်တယ်။"

- အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများ ပို့ချသောသင်တန်းကို အချို့သော အထည်ချုပ်အလုပ်သမားများသည် ကားလမ်းများ ပိတ်ခြင်း၊ သွားလာရခက်ခဲခြင်းတို့ကြောင့် မတက်ရောက်နိုင်ပါ။ သယ်ယူပို့ဆောင်ရေး အကူအညီပံ့ပိုးအချို့ကို ထောက်ပံ့ပေးခြင်းဖြင့် သင်တန်းလက်လှမ်းမှီမှုအား တိုးတက်စေနိုင်ပါသည်။
- ILO-GIP စီမံကိန်းမှ ပေးသည့် တစ်ချို့သော ခေါင်းစဉ်များ (ဥပမာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံချိန်စံညွှန်းများ) သည် နက်နဲကျယ်ပြန့်သည့်အတွက် ဆင့်ပွားသင်တန်းများတွင် ပြန်လည်သင်ပေးရန် အဆင်မပြေပါ။ ဤခေါင်းစဉ်သည် အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများအတွက် စိတ်ဝင်စားစရာကောင်းသော်လည်း အထည်ချုပ်စက်ရုံအလုပ်သမားများကို ပြန်လည်သင်တန်းပို့ချရန် သင့်တော်သော ခေါင်းစဉ်တစ်ခု မဟုတ်ပါ။
- အချို့သော သင်တန်းအကြောင်းအရာများ (ဥပမာ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်) အခြားသောအလုပ်သမားအခွင့်အရေးမျများသည်မှာ အချို့သော စက်ရုံများတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါသည်။

## အနာဂတ်သို့ မျှော်မှန်းချက်

### သင်တန်းများအား ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီမှု

အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများ သည် အထည်ချုပ်ကဏ္ဍနှင့် အခြားကဏ္ဍများတွင်လည်း အလုပ်သမားများအတွက် သင်တန်းများ ဖြန့်ဝေပေးလိုသည်။

> "မြန်မာနိုင်ငံမှာ အလုပ်သမားပေါင်း ၂၄ သန်းရှိပေမယ့် သင်တန်းလက်လှမ်းမီတာက ရာခိုင်နှုန်းနည်းနည်းလေးပဲရှိတယ်။ အလုပ်သမားနဲ့ အလုပ်ရှင်ကြား ဆက်ဆံရေးတိုးတက်ဖို့နဲ့ စီးပွားရေးအခြေအနေ တည်ငြိမ်လာဖို့ဆိုရင် သင်တန်းဆရာဦးရေများလာဖို့အရေးကြီးတယ်။"

### အလုပ်သမားများအတွက် ထပ်တိုးကွင်းဆင်းသင်တန်းများ လိုအပ်ချက်

အထည်ချုပ်စက်ရုံအလုပ်သမားအချို့သည် အလုပ်သမားဥပဒေနှင့် အလုပ်သမားအခွင့်အရေးတို့နှင့်ပတ်သက်သည့် ထပ်တိုးသင်တန်းများ တောင်းဆိုခဲ့ကြသည်။ ထပ်တိုးသင်တန်းများ လိုချင်စိတ်သည် အလုပ်သမားများအနေဖြင့် အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများ ပေးသော လက်ရှိသင်တန်း၏ တန်ဖိုးကို မြင်သောကြောင့် ဖြစ်သည်။ ၄င်းတို့အနေဖြင့် အရေးကြီးသော ခေါင်းစဉ်များ၏ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲသိရှိလိုပြီး အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီလိုသောကြောင့် ဖြစ်သည်။

### သင်တန်းဆရာများ၏ အရည်အသွေး

အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်သင်တန်းပေးသူများ သည် သင်တန်း၏အရည်အသွေးကို သေချာစေရန် အသိအမှန်ပြုလက်မှတ်ပေးအပ်သည့် အကြံဉာဏ်ကို ထောက်ခံသည်။ ၄င်းတို့အနေဖြင့် သင်တန်းပို့ချရာတွင် ကျွမ်းကျင်မှုနှင့်အရည်အသွေးတိုးတက်စေရန် ထပ်တိုးသင်တန်းများကိုလည်း လက်လှမ်းမီလိုသည်။

> "မွမ်းမံသင်တန်းတွေ ထပ်ပေးစေချင်တယ်။ အချိန်ကို လုပြီးသင်ရတော့ သင်ပြီးသားသင်ခန်းစာတွေ မေ့သွားမှာစိုးတယ်။ ဒါကြောင့် ပြန်နွှေးပေးစေချင်တယ်။ ဆင့်ပွားသင်တန်းဆရာတွေအနေနဲ့ ပိုပြီးကျွမ်းကျင်ချင်တယ်။ ပရော်ဖက်ရှင်နယ်ဖြစ်ချင်တယ်။"

### သင်တန်းများ ပို့ချခြင်း ကိစ္စရပ်

သင်တန်းပေးသူများအနေဖြင့် စက်ရုံစီမံခန့်ခွဲမှုအတွက် ရှင်းလင်းသည့် ပို့ချခြင်းကိစ္စရပ်ကို ဆောင်ရွက်ရန်အလို့ငှာ ဤသင်တန်းမျိုးကို ရင်းနှီးမြှုပ်နှံရန် အကြံပြုသည်။ စက်ရုံအလုပ်သမားများကို သင်တန်းတက်ရောက်ခွင့်ပြုခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းစွာ ပြသခြင်းဖြင့် စက်ရုံသစ်များမှ ပူးပေါင်းပါဝင်ရန် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်လာမည်ဖြစ်သည်။



SWEDEN

H&M

M&S
EST. 1884

"မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းခွင်ဆက်ဆံရေးများတိုးတက် ကောင်းမွန်စေခြင်း" ဆိုင်ရာ ILO-GIP စီမံကိန်း။ ILO-GIP စီမံကိန်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ငန်းခွင်ဆက်ဆံရေး ( labor relations)၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှု (social dialogue) နှင့် ကျားမတန်းတူညီမျှမှုတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိသည်။ ယခုစီမံကိန်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ( Sida) ၊ Marks and Spencer နှင့် H&Mတို့မှ ပံ့ပိုးပေးသည့် ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းကို ၂၀၁၆ ဂျူလိုင်လမှ ၂၀၂၀ မေလအထိ ဆောင်ရွက်ခဲ့သည်။ သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက http://bit.ly/ilo-gip တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။